



6 - Introducing Amazing Animals
အံ့ဖွယ်တိရစ္ဆာန်များမိတ်ဆက်
7 - The Bears
ဝက်ဝံ
10 - Fascinating Facts
စိတ်ဝင်စားဖွယ်အသွယ်သွယ်
12 - Believe it or Not
ယုံချင်ယုံ မယုံချင်နေ
14 - The Big Cats of Africa
အာဖရိကကြောင်ကြီးများ
16 - The World's Biggest Cat
ကမ္ဘာ့အကြီးဆုံးကြောင်
20 - What? Where? Why?
ဘာတွေ၊ ဘယ်မှာ၊ ဘာကြောင့်
22 - Those Enormous Elephants
ရောမဆင်ကြီးတွေ
26 - Animal Allsorts
တိရစ္ဆာန်မျိုးစုံအကြောင်း
28 - The Graceful Giant
ကြော့ကြော့မော့မော့ထည်ထည်ဝါဝါ ရောမသတ္တဝါ
30 - That's Revolting
ရွံစရာတွေ
32 - More Revolting Facts!
နောက်ထပ်ရွံစရာကောင်းတာတွေ
34 - The Rare Rhino
ရှားပါးသတ္တဝါ ကြံ့
36 - Believe it or Not
ယုံချင်ယုံ မယုံချင်နေ
38 - Sssspectacular Snakes
အံ့မခန်းဖွယ်ရာ မြွေကမ္ဘာ
40 - Animal Allsorts
တိရစ္ဆာန်မျိုးစုံအကြောင်း
42 - Monkeys and Apes
မျောက်နဲ့လူဝံများ
46 - Fascinating Facts
အံ့ဖွယ်အချက်အလက်များ
48 - The Wonderful Wolf
အံ့ဖွယ်ဝံပုလွေ
50 - Animal Allsorts
တိရစ္ဆာန်မျိုးစုံအကြောင်း












52 - Roaming the Plains
လွင်ပြင်၌လှည့်လည်သွားလာခြင်း
54 - Hogs, Pigs and Peccaries
ဝက်အမျိုးမျိုး
56 - Fascinating Facts
အံ့ဖွယ်အချက်အလက်များ
58 - Pandas and Bandits
ပန်ဒါဝံနှင့် မျက်ကွင်းညိုသတ္တဝါများ
60 - Believe it or Not
ယုံချင်ယုံ မယုံချင်နေ
62 - Monsters, Lizards and Dragons
တွားသွားသတ္တဝါများ
64 - Animal Allsorts
တိရစ္ဆာန်မျိုးစုံအကြောင်း
66 - Magnificent Macaws
အံ့ဖွယ်ကြက်တောကြီးများ
68 - Fascinating Facts
အံ့ဖွယ်အချက်အလက်များ
70 - Exciting Eagles
စိတ်လှုပ်ရှားဖွယ်လင်းယုန်များ
72 - Believe it or Not
ယုံချင်ယုံ မယုံချင်နေ
74 - The Antarctic Emperor
အန္တာတိတ်ဒေသရဲ့ ဧကရာဇ်
76 - What Strange Behaviour!
ထူးဆန်းသောအမူအကျင့်များ
78 - Birds and Beaks
ငှက်နဲ့နှုတ်သီး
80 - Believe it or Not
ယုံချင်ယုံ မယုံချင်နေ
82 - The Flightless Birds
မပျံနိုင်တဲ့ငှက်များ
84 - What? Where? Why?
ဘာတွေ၊ ဘယ်မှာ၊ ဘာကြောင့်
86 - Australia's Long-jumper
ဩစတြေးလျ အလျားခုန်သမား သားပိုက်ကောင်
88 - Believe it or Not
ယုံချင်ယုံ မယုံချင်နေ
90 - Koalas and Wombats
Koalas နဲ့ Wombats


**Elephant trunks . . .**

**ဆင်တွေရဲ့နှာမောင်း**


ဆင်နှာမောင်းဆိုတာ နှုတ်ခမ်းလွှာထိပ်နဲ့ အနားသတ်ထားတဲ့ နှာခေါင်းရှည်ကြီးဖြစ်သလို လက်မောင်းရှည်ကြီးထိပ်မှာ လက်ဖဝါးတပ်ထားတာနဲ့လည်း တူပါတယ်။ ဆင်တွေဟာ သူတို့နှာမောင်းတွေကို နည်းမျိုးစုံ သုံးတတ်ပါတယ်။



မြေကြီးပေါ်ကအစာကို ကောက်ဖို့အတွက် ပါးစပ်တို့ လျှာတို့နဲ့ အလှမ်းမမီနိုင်တာကြောင့် သူတို့နှာမောင်းကို အသုံးပြုရပါတယ်။ နှာမောင်းဟာ သစ်ပင်အမြင့်ကြီးပေါ်က သစ်ရွက်တွေကို ဆွဲခူးဖို့ ဒါမှမဟုတ် သစ်ကိုင်းတွေဆွဲချိုးဖို့ မီနိုင်ပါတယ်။




ဆင်တစ်ကောင်ဟာအန္တရာယ်ကျရောက်တဲ့အခါမှာ သူ့နှာမောင်းကို အပေါ် မြှင့်ထောင်လိုက်တယ်။ နားရွက်တွေကို ဖြတ်ခနဲဘေးကားထုတ်လိုက်တယ်။ ပြီးလည်းပြီးရော တစ်နာရီကို ၄၀ ကီလိုမီတာ (၂၅ မိုင်) နှုန်းနဲ့ တစ်ဟုန်ထိုး လိုက်တော့တာပဲ။



ဆင်တွေ မြစ်ဖြတ်ကူးတဲ့အခါ၊ ဒါမှမဟုတ် ရေချိုးရင်း ရေငုပ်တဲ့အခါ သူတို့နှာမောင်းထိပ်ဖျားကို ရေပေါ်ဖော်ပြီး အသက်ရှူတတ်ပါတယ်။ နှာမောင်းကို ရေအောက်အသက်ရှူပိုက်လို အသုံးပြုတာပေါ့။ နှာမောင်းတွေဟာ သစ်ပင်ကို ဆွဲနှုတ်နိုင်လောက်အောင် စွမ်းအားကြီးသလို ဘယ်ရီသီးအသေးလေးတစ်လုံးကို ကောက်နိုင်လောက်အောင်လည်း အနုစိတ်လုပ်ဆောင်နိုင်ပါတယ်။


ဆင်တွေရေသောက်တဲ့အခါ ရေကို နှာမောင်းနဲ့ စုပ်လိုက်ပြီး အဲဒီရေကို ပါးစပ်ထဲပန်းသွင်းတဲ့နည်းနဲ့ သောက်ပါတယ်။ သူတို့ဟာ နှာမောင်းကို ရေပန်းလို အသုံးပြုပြီး ပူအိုက်တဲ့နေ့တွေမှာ အေးကွက်ရှာကြပါတယ်။



**. . . and tusks**

**အစွယ်နဲ့ပတ်သက်သမျှ**

ဆင်တွေမှာလည်း လူတွေလို ဘယ်သန် ညာသန် ဆိုတာ ရှိပါတယ်။ ညာစွယ်သန်သလား ဘယ်စွယ်သန်သလားပေါ့။ များသောအားဖြင့် ညာဘက်ကို အသုံးပြုပါတယ်။ လူတွေလိုပါပဲ။



ဆင်တွေရဲ့အစွယ်ကြီးတွေဟာ သူတို့ရှေ့သွားတွေဆိုတာ သိပါသလား။ စိတ်ကူးကြည့်စမ်းပါ။ ဘယ်လိုနေမလဲဆိုတာ။ အဲဒီအစွယ်တွေဟာ သူတို့တစ်သက်လုံး ရှည်ထွက်မှု မရပ်ပါဘူး။ အကြီးဆုံးအစွယ်တစ်ခုဟာ ၃.၅ မီတာ (၁၁ ပေခွဲ) လောက် ရှည်လျားကြောင်း မှတ်တမ်းရှိထားပါတယ်။

ဆင်တွေဟာ မြေကို သူတို့ အစွယ်တွေနဲ့ နက်နက်ရှိုင်းရှိုင်း တူးပြီး ရေ ဒါမှမဟုတ် ဆား ရှာနိုင်ပါတယ်။

ရက်စက်ကြမ်းကြုတ်တဲ့ ဆင်စွယ်မှောင်ခိုရောင်းဝယ်သူတွေဟာ ဆင် ထောင်ပေါင်းများစွာကိုသတ်ပြီး ဆင်စွယ်တွေကို ဈေးကြီးကြီးနဲ့ ရောင်းချကြပါတယ်။ ဆင်စွယ်တွေကို လက်ရာမြောက်တဲ့ အဆင်တန်ဆာတွေအဖြစ် ပန်းပုရုပ်ထုလုပ်ပြီး ပြန်ရောင်းကြပါတယ်။ ဆင်စွယ်လက်ရာမျိုးစုံ ရောင်းဝယ်တဲ့ လုပ်ငန်းကို မြောက်အမေရိကနိုင်ငံတွေနဲ့ ဥရောပနိုင်ငံတွေကလွဲပြီး နိုင်ငံတိုင်းက တားမြစ်ထားတယ်ရယ်လို့ မရှိပါဘူး။